**Network for Democracy and Development**

**Documentation and Research Department**

**P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.**
**E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com**

# Burma's Weekly Political News Summary (086/2011)

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၈၆/၂၀၁၁)

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့မှ ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၁၇) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာနိုင်ငံ အစိုးရသစ်အနေဖြင့် စစ်မှန်သည့် တိုးတက်မှုများနှင့် အပြောင်းအလဲများ စတင်လုပ်ဆောင်နေသဖြင့် ယင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာအနေဖြင့်လည်း အားပေးထောက်ခံကြရန် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က စက်တင်ဘာ ၁၂ ရက်နေ့ ဂျီနီဗာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးပွဲတွင် ပြောကြားလိုက်သည်။ (VOA 130911) Read More...
- မြန်မာအစိုးရသစ်အနေဖြင့် ယခုနှစ် ၂၀၁၁ မေလမှ ကြေညာခဲ့သော လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ ၃ လအတွင်း အကျဉ်းသား ၂ သောင်းနီးပါးခန့်ကို ထောင်များနှင့် အလုပ်ကြမ်းစခန်းများမှ လွှတ်ပေးခဲ့ကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က စက်တင်ဘာ ၁၃ ရက်နေ့ ဂျီနီဗာ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (RFA 130911) Read More...
- ပြည်ပရောက် နိုင်ငံရေး အမြင်ကွဲပြားသူများ၊ ဒီမိုကရေစီရေး လှုပ်ရှားနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် စိုးရိမ်စိတ်မရှိဘဲ ပြည်တွင်းသို့ ပြန်လာနိုင်ကြောင်း သမ္မတ ဥပဒေအကြံပေး အဖွဲ့ခေါင်းဆောင် ရဲမှူးကြီးဟောင်း ဦးစစ်အေးက စက်တင်ဘာ ၁၃ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 130911) Read More...
- အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဒဲရစ် မစ်ချဲလ်က မြန်မာ့လူ့အခွင့်အရေးကော်မရှင်နှင့် တွေ့ဆုံစဉ် တိုင်းရင်းသားဒေသများမှ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ပြောကြားခဲ့ပြီးနောက် မြန်မာ့ လူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း ပဲရစ်စည်းမျဉ်းစည်းကမ်းကို အခြေခံ၍ လွတ်လပ်စွာ လုပ်ဆောင်သွားမည်ဟု ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက ပြောသည်။ (BBC 150911) Read More...
- မြန်မာနယ်စပ်ရေးရာဝန်ကြီးဌာနနှင့်မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီး ဦးသိန်းဌေးက ကိုယ့်သဘောနှင့်ကိုယ် ပြန်လာသည့်ဒုက္ခသည်များအတွက် ငြိမ်းချမ်းရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြင်ဆင်ထားမည်ဟု ဥရောပသမဂ္ဂ EU ကော်မစ်ရှင်နာ ခရစ္စတာလီနာဂျော့ဂီဗာနှင့် စက်တင်ဘာ ၉ ရက်နေ့ တွေ့ဆုံစဉ် ပြောဆိုခဲ့ကြောင်း ထိုင်းနိုင်ငံထုတ် The Nation သတင်းတွင် ဖော်ပြထားသည်။ (DVB 140911) Read More...
- ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပမည့် အာဆီယံ ပါလီမန်အမတ်များ ညီလာခံ (APIA) သို့ မြန်မာက ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အမတ် ၁၄ ဦး တက်ရောက်မည်ဖြစ်ကြောင်း AIPA သို့ တက်ရောက်မည့် RNDP ပါတီမှ စစ်တွေမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဒေါက်တာအေးမောင်က ပြောသည်။ (Mizzima 140911) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ပြည်ပတွင် ရောက်နေသူများ ပြန်လာကြရန် မြန်မာအစိုးရက ကမ်းလှမ်းနေခြင်းသည် ပြည်တွင်းက နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက်လည်း အလားအလာကောင်းတခုအဖြစ် မျှော်လင့်နိုင်ကြောင်း နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာ နေဇင်လတ်က ပြောသည်။ (VOA 140911) Read More...
- တပ်မတော်တွင် နှစ်ပေါင်း ၄၀ ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ဗိုလ်ချုပ်ကြီးရာထူးမှ အနားယူသွားသူ အောက်လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မိမိကိုယ်ကို ဒီမိုကရေစီ ဘက်တော်သား တယောက်ဖြစ်ကြောင်း နေပြည်တော်တွင် ပြုလုပ်သည့် ဒီမိုကရေစီနေ့ အခမ်းအနား၌ ပြောကြားခဲ့ကြောင်း လွှတ်တော်အမတ်တစ်ဦးက ပြောသည်။ (Mizzima 150911) Read More...
- ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမေရိကန် အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဒဲရက် မစ်ချယ်တို့ မကြာသေးမီက တွေ့ဆုံစဉ် မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ကြောင်း စက်တင်ဘာ ၁၅ ရက်နေ့ထုတ် အစိုးရသတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy 150911) Read More...
- နေပြည်တော်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် နိုင်ငံတကာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကို ပထမဆုံးအကြိမ်အနေဖြင့် လွတ်လွတ်လပ်လပ် သတင်းယူခွင့်ပြုလိုက်ခြင်းသည် နိုင်ငံတကာ ဒီမိုကရေစီနေ့၏ ထူးခြားသည့်သမိုင်းမှတ်တိုင်တခုအဖြစ် မြန်မာနိုင်ငံ လွှတ်တော်အတွင်းတွင် စိုက်ထူနိုင်ပြီဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဌ ဦးရွှေမန်းက ပြောကြားလိုက်သည်။ (VOA 150911) Read More...

## ကြံ့ဖွံ့ပါတီ

- ဒေသအာဏာပိုင်များက အမေရိကန်နိုင်ငံသားခံယူပြီးသူ ချင်းဘာသာရေးတရားဟော ဆရာတစ်ဦးအား စက်တင်ဘာ ၁၀ ရက်တွင် ဒေသမှ ပြန်လည်မောင်းထုတ်ခြင်းသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ၏ ပယောဂဖြစ်ကြောင်း USDP ပါတီဂင်တစ်ဦးက ပြောသည်။ (Khonumthung 130911) Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ၏ ရံပုံငွေသည် ယခင် ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းကာလကတည်းက ယနေ့အထိ ပြည်ပ NGO မှ ရရှိသည့် ဂင်ငွေများကို ရာခိုင်နှုန်းအားဖြင့် ဖြတ်တောက်လိုက်သော ငွေများဖြစ်ကြောင်း USDP ပါတီဝင်တစ်ဦးက ပြောသည်။ (Khonumthung 140911) Read More...

## တပ်မတော်

### (က) စစ်ဆင်ရေးများ

- ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ နယ်ဆန်ရွာအနီးတစ်ဝိုက်တွင် လွန်ခဲ့သည့် စက်တင်ဘာလဆန်းပိုင်းမှ အပစ်အခတ်ရပ်စဲထားသည့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရတပ်ဖွဲ့များသည် စက်တင်ဘာ ၁၆ ရက်နေ့တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေပြီး နမ်ဆန်ယန်ရွာဈေးကို မီးတင်ရှို့ခဲ့သည့်အတွက် ရွာသားများထွက်ပြေးနေရသည်ဟု KIA နီးစပ်သည့် သတင်းရပ်ကွက်က ပြောသည်။ (BBC 160911) Read More...

### (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- စက်တင်ဘာ ၁၀ ရက်နေ့က ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ် နမ့်စိုင်ကျေးရွာအုပ်စုထဲတွင် အစိုးရတပ် ခမရ ၅၂၈ နှင့် ခလရ ၂၄၇ ပူးပေါင်းတပ်များ ရှမ်းပြည်တပ်မတော် SSA တပ်မဟာ ၉၇၂ တပ်ရင်း ၃၆ တို့အကြားတိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်မှ ၃ ဦးကျဆုံးကာ ၈ ဦး ဒဏ်ရာရသွားပြီးနောက် ယင်းဒေသရှိ ရွာသားများကို စွပ်စွဲရိုက်နှက်၊ ခြိမ်းခြောက်မှုများပြုလုပ်နေကြောင်း SSA ရှမ်းပြည်တိုးတက်ရေးပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးစိုင်းလက ပြောသည်။ (DVB 130911) Read More...

### (ဂ) ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်ဖွဲ့များ

- နဂတ နအဖနှင့် အစောဆုံး အပစ်အခတ်ရပ်စဲခဲ့သည့် ကချင်ပြည်ဒီမိုကရေစီသစ်တပ်မတော် (NDA-K) ငြိမ်းအဖွဲ့မှ ပြောင်းလဲခဲ့သည့် နယ်ခြားစောင့်တပ်က ငွေကြေးအခက်အခက်များရှိသောကြောင့် ဆက်လက်ရပ်တည်ရန်အတွက် ခက်ခဲနေကြောင်း အမည်မဖော်လိုသူ နယ်ခြားစောင့် တပ်ဖွဲ့ဂင်တစ်ဦးက ပြောသည်။ (BBC 110911) Read More...

- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်-မန္တလေးလမ်းတွင် အစိုးရတပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ မကြာခဏ တိုက်ပွဲဖြစ်ပွားနေသောကြောင့် လုံခြုံရေးတာဝန်ကို ယခုအခါ ပြည်သူ့စစ်အဖွဲ့များထံ အပ်နှင်းလိုက်ကြောင်း စစ်ဘက်သတင်းရပ်ကွက်က ပြောသည်။ (S.H.A.N 130911) Read More...

## လွှတ်တော်များ

- လက်ရှိကျင်းပနေသည့် ဒုတိယအကြိမ်မြောက် လွှတ်တော်အစည်းအဝေးများအတွင်း ကော်မတီ (၁၉) ခု ဖွဲ့စည်းခဲ့ရာ၌ လွှတ်တော်ကိုယ်စားလှယ် အချင်းချင်းကြား ရွေးချယ်တင်မြှောက်သည့် စနစ်မျိုးမဟုတ်ပဲ သမ္မတ စိတ်ကြိုက် တိုက်ရိုက်ရွေးချယ် ခန့်အပ်ခဲ့ခြင်းမျိုးဖြစ်နေသည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောဆိုနေကြသည်။ (RFA 110911) Read More...
- ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများကို လူထုဆန္ဒမဲနှင့် ရွေးကောက်တင်မြှောက်ခြင်းမရှိဘဲ ဒေသအာဏာပိုင်များက တိုက်ရိုက်ခန့်အပ်သည့်စနစ်ကို ကျင့်သုံးရန် စက်တင်ဘာ ၁၆ ရက်နေ့တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် ဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့သည်။ (RFA 160911) Read More...

## အခြားနိုင်ငံရေးပါတီများ

- ၂၀၁၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မဲဆန္ဒနယ်မှ အနိုင်ရရှိခဲ့သည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP အမတ် ဦးအောင်ကျော်ဇံကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်က ဖယ်ရှားလိုက်သည့်လုပ်ရပ်သည် ပါတီအပေါ် နိုင်ငံရေးအရ ထိုးနက်ချက်ဖြစ်ကြောင်း RNDP လွှတ်တော်အမတ် ၁၅ ဦးက လက်မှတ်ရေးထိုးပြီး စက်တင်ဘာ ၁၁ ရက်နေ့တွင် သဘောထား ထုတ်ပြန်ကြေညာလိုက်သည်။ (RFA 110911) Read More...
- မြန်မာ့ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အမေရိကန်အစိုးရအနေဖြင့် အင်စတီကျူးရှင်းများ တိုးပွားလာစေရန် လက်တွေ့ကူညီရန်လိုအပ်ကြောင်း အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ NDF ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေက ပြောသည်။ (Mizzima 120911) Read More...
- ကရင်ပြည်နယ် ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကော့ကရိတ်မြို့နယ် တောင်ပိုင်းတို့မှ အခက်ခဲဆုံးသော ဒေသများရှိ ပြည်သူများကို ဥရောပသမဂ္ဂ (EU) အနေဖြင့် ကူညီပေးစေလိုကြောင်း ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ PSDP အတွင်း ရေးမှူးလည်းဖြစ်၊ ဖားအံမြို့နယ်၊ ပြည်သူ့လွှတ်တော်အမတ် နန်းစေအွာက ပြောသည်။ (KIC 140911) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန် အစိုးရ အထူးကိုယ်စားလှယ် မစ္စတာ ဒဲရက် မစ်ချယ်တို့ စက်တဘ်ာ ၁၂ ရက်နေ့က မြန်မာ့ပညာရေးနှင့် လူမှုရေးကဏ္ဍများ ကူညီပေးရေး ဆွေးနွေးခဲ့ကြပြီး NLD ဥက္ကဋ္ဌ ဦးတင်ဦးက လူငယ်ကွန်ရက်များမှတဆင့် အခမဲ့ပညာသင်ကြားမှု၊ ဥပဒေပိုင်းဆိုင်ရာ အကာအကွယ်ပေးနေမှုများကို ဆွေးနွေးတင်ပြခဲ့ကြောင်း NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောသည်။ (Irrawaddy 120911) Read More..., KIC
- အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်းက ဧရာဝတီမြစ်ဆုံ ရေကာတာကို ဆက်လက်တည်ဆောက်သွားမည်ဟု ပြောဆိုလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ အများပြည်သူ၏ သဘောထားကို အစိုးရအနေဖြင့် လက်ခံစဉ်းစား ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၁၁ ရက်နေ့တွင် တုံ့ပြန်ပြောဆိုလိုက်သည်။ (RFA 120911) Read More...
- ဧရာဝတီမြစ်ဆုံ ရေကာတာ တည်ဆောက်မှုအပေါ် ဂေဟစနစ်ကန့်ကွက်မှုများနှင့်ပတ်သက်၍ မည်သို့ပင် ကန့်ကွက်ဝေဖန်မှုများရှိစေကာမူ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စက်မှု ၁ ဝန်ကြီး၏ ပြောကြားချက်သည် ပြည်သူလူထုဆန္ဒ သဘောထားအပေါ် မထေ့မဲ့မြင် ပြောဆိုလိုက်ခြင်းဖြစ်ကြောင်းနှင့် မိုက်မဲရာရောက်ကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုကော်မတီဝင် ဦးဝင်းတင်က စက်တင်ဘာ ၁၂ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 120911) Read More...

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လက်ရှိမြန်မာနိုင်ငံအခြေအနေများနှင့်ပတ်သက်၍ အစိုးရနှင့် တိုက်ရိုက်ဆွေးနွေးလာနိုင်ခြင်းသည် နိုင်ငံရေးအရ တိုးတက်မှုဖြစ်စဉ်တခုအဖြစ် သူမ ယုံကြည်ကြောင်း မြန်မာနိုင်ငံကို ရောက်ရှိနေသည့် ဗွီအိုအေ ပိုင်းတော်သူ ဒေါ်ခင်စိုးဂင်း၏ သီးသန့်တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုလိုက်သည်။ (VOA 130911) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ၂၀၀၈ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပတ်သက်၍ ယခင်ဆန်းစစ်ချက်အကြမ်းကို ပြန်လည်အချောကိုင် ပြင်ဆင်မှုအဖြစ် အဖွဲ့ချုပ် ဗဟို ဥပဒေအထောက်အကူပြုအဖွဲ့က အပြန်အလှန် ဆန်းစစ်နေသည်ဟု အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (RFA 130911) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် သတင်းဂျာနယ်များ၏ မေတ္တာရပ်ခံချက်ကြောင့် စက်တင်ဘာ ၁၃ ရက်နေ့က NLD ရုံးချုပ်တွင် ပြည်တွင်းပြည်ပ မီဒီယာသမားဖြစ်များဖြစ်ကြသော အေအက်ဖ်ပီ သတင်းထောက်၊ ဗွီအိုအေ မြန်မာပိုင်းဌာနမှ ဒေါ်ခင်စိုးဝင်း၊ ရန်ကုန်မီဒီယာဂရု(ပ်)၊ လျှပ်တပြက်၊ မော်နီတာ၊ မြန်မာနယူးစ်ဝိ၊ ဆဲဗင်းဒေး စသည့်ဂျာနယ်တိုက်များမှ အယ်ဒီတာအဖွဲ့တို့နှင့် တဖွဲ့ချင်း သီးခြားစီ တွေ့ဆုံခဲ့သည်ဟု အဖွဲ့ချုပ်ပြန်ကြား ရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (DVB 130911) Read More...
- စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို နေပြည်တော်တွင် ကျင်းပရန် အစိုးရက ပြင်ဆင်နေခြင်းသည် ကောင်းသည့်လက္ခဏာဖြစ်သောကြောင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD က ကြိုဆိုလိုက်သည်ဟု ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ (Irrawaddy 140911) Read More...
- စက်တင်ဘာ ၁၅ ရက်နေ့က ပထမဆုံးအကြိမ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရုံးချုပ်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနား၌ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် စစ်မှန်သည့် အပြောင်းလဲ အလားအလာကို မြင်နေရပြီဟု မှတ်ချက်ပေးပြောဆိုလိုက်သည်။ (VOA 150911) Read More..., RFA..., Irrawaddy..., Mizzima...

## (ခ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)

- ကချင်ပြည်နယ် ပူတာအိုထောင်တွင် ထောင်ဒဏ် ၉၃ နှစ်ကျခံနေရသည့် သျှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၏ ၆၈ နှစ်ပြည့် မွေးနေ့ပွဲတွင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန်နှင့် တွေ့ဆုံဆွေးနွေးရေးလုပ်ရန် SNLD က တောင်းဆိုလိုက်သည်။ (BBC 110911) Read More...

## (ဂ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- အစိုးရသစ်နှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့၏ တွေ့ဆုံဆွေးနွေးမှုများမှ နှစ်ဖက်သဘောတူညီချမှတ်ခဲ့သည့် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် တူညီမှုများကို တွဲဖက်လုပ်ဆောင်ရန်ဆိုခြင်းကို အမြန်ဆုံးလက်တွေ့ကျကျ အကောင်အထည်ဖော် လုပ်ဆောင်ကြရန် ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းက စက်တင်ဘာ ၁၁ ရကနေ့တွင် ကျရောက်သော ၄င်း၏ အသက် ၉၀ နှစ်ပြည့် မွေးနေ့၌ တိုက်တွန်းပြောကြားလိုက်သည်။ (DVB 110911) Read More...
- ကြံ့ဖွံ့အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို လာမည့် စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသောကြောင့် ခြွင်းချက်မရှိသော အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ကို အမြန်ဆုံးထုတ်ပြန်ပေးရန် လိုအပ်ကြောင်း (၈၈) မျိုးဆက်ကျောင်းသားများ အဖွဲ့က စက်တင်ဘာ ၁၂ ရက်နေ့တွင် သဘောထား ကြေညာချက်တစ် ရပ်ထုတ်ပြန်တိုက်တွန်းလိုက်သည်။ (RFA 120911) Read More...
- မြစ်ဆုံရေကာတာ စီမံကိန်းကို လုံးဝဖျက်သွားစေရမည်ဟုဆိုကာ ကန့်ကွက်ကြောင်း လှုံ့ဆော်အသိပေးသော စာများ ကပ်ဝေမှုကို စက်တင်ဘာ ၁၁ ရက်နေ့မှစ၍ ရန်ကုန်မြို့ လူစည်ကားရာ နေရာများဖြစ်သည့် ဆူးလေ၊ မြေနီကုန်းနှင့် ရွှေဂုံတိုင်တို့ရှိ ကားမှတ်တိုင်များ၊ လိုင်းကားများပေါ်၌ လိုက်လံကပ်ခဲ့ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအဖွဲ့ချုပ်-ဗကသ ပြောခွင့်ရပုဂ္ဂိုလ် ကိုမင်းဆွေသစ်က ပြောသည်။ (Mizzima 140911) Read More...

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကချင်ပြည်နယ်တောင်ပိုင်း ရှမ်းပြည်နယ် နယ်စပ်တွင် စက်တင်ဘာ ၈ ရက်နေ့က ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ KIA တပ်ရင်း ၂၇ နှင့် မြန်မာစစ်တပ် ခလရ ၁၄၄ တပ်သားများကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ KIA စစ်သား ၁ ဦးကျဆုံးခဲ့သည်ဟု ဒေသခံများက ပြောသည်။ (KNG 120911) Read More...
- တရုတ်နိုင်ငံဘက်မှ မြစ်ဆုံရေကာတာ တည်ဆောက်လုပ်ငန်းများသုံး ဆောက်လုပ်ရေး ပစ္စည်းများ တင်သွင်းလာခြင်းကို ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ထိန်းချုပ်နယ်မြေ တပ်ရင်းများမှ ပိတ်ဆို့ထားကြောင်း KIO ပြောခွင့်ရှိသူ ဦးလနန်က ပြောသည်။ (Mizzima 130911) Read More...
- ကချင်ပြည်နယ်တောင်ပိုင်း မြစ်ကြီးနား-လိုင်ဇာလမ်းပိုင်းတစ်နေရာ နမ်ဆန်ယန် (Namsan Yang) ကျေးရွာရှိ မြန်မာအစိုးရ တပ်စခန်း ၃ ခုအနက် တစ်ခုအား ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) က စက်တဘ်ာ ၁၂ ရက်နေ့ညပိုင်းတွင် မီးရှို့ဖျက်ဆီးလိုက်သည်ဟု ကျေးရွာသားတစ်ဦးက ပြောသည်။ (KNG 130911) Read More...
- ကချင်ပြည်နယ် အရှေ့ဘက် ပိုင်းမော်မြို့နယ်အတွင်း စက်တင်ဘာ ၁၃ ရက်နေ့ နံနက် ၁၀ နာရီခန့်၌ KIA မိုင်းကြောင့် မြန်မာ စစ်သား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) လက်အောက်ခံ မြစ်ကြီးနားအခြေစိုက် ခလရ ၃၇ တပ်များ ထိခိုက် ဒဏ်ရာ ရရှိခဲ့ကြောင်း KIA အရာရှိများက ပြောသည်။ (KNG 130911) Read More...
- ကချင်ပြည်နယ်အတွင်း ကျောက်စိမ်းနှင့် ရွှေအဓိကထွက်ရှိသည့် ဒေသများတွင် လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများမှအပ လုပ်ကွက်သစ်များ ချပေးမှု ရပ်ဆိုင်းလိုက်သည့်အပေါ် ကချင်ပြည် လွတ်မြောက်ရေးအဖွဲ့ KIO က ကြိုဆိုထောက်ခံကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောသည်။ (NMG 130911) Read More...
- အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒညှိနှိုင်းရေးမှူး ဒဲရက် မစ်ချဲလ်က တိုင်းရင်းသား ဒေသများမှ အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမည့် အဖွဲ့အစည်းတရပ် ထူထောင်ရန် အစိုးရကို တိုက်တွန်းခဲ့သည့်အပေါ် တိုင်းရင်းသား လက်နက်ကိုင် ခေါင်းဆောင်များက ကြိုဆိုထောက်ခံလိုက်သည်ဟု မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ (IMNA 140911) Read More...
- ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA က ဝန်ကြီး ဦးအောင်သောင်းနှင့် ဦးသိန်းဇော် ဦးဆောင်သည့် ရှမ်းပြည်နယ် အစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် လက်မှတ်ရေးထိုးထားသည့် ငြိမ်းချမ်းရေး ယာယီ သဘောတူညီချက်များအပေါ် အဖွဲ့တွင်း ချပြဆွေးနွေး အကြံပြုချက်များ တောင်းခံခြင်းကို စက်တင်ဘာ ၁၅ ရက်နေ့ ပန်းဆန်းမြို့တွင် ပြုလုပ်ခဲ့ကြောင်း UWSA အရာရှိတစ်ဦးက ပြောသည်။ (RFA 150911) Read More..., S.H.A.N...
- ကရင်ပြည်နယ် ကော့ကရိတ်မြို့အရှေ့ဘက်တွင် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KNLA တပ်ရင်း (၁၀၁)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA တပ်ရင်း ၉၀၇ ပူးပေါင်းတပ်ဖွဲ့များနှင့် အစိုးရ တပ်ရင်း ၉၇ တို့အကြား စက်တင်ဘာ ၁၆ ရက်နေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ မြန်မာအစိုးရဘက်မှ ၁ ဦး ကျဆုံးခဲ့သည်ဟု DKBA ဗိုလ်မှူးစောဆန်း အောင်က ပြောသည်။ (KIC 160911) Read More...
- ချင်ပြည်နယ်တွင် ယခုရက်ပိုင်းအတွင်း တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေပြီး အစိုးရ၏ စစ်ကြောင်းတခုအား ကချင်ပြည် လွတ်မြောက်ရေး တပ်မတော် KIA တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၄ ရက်နေ့မှစ၍ KIO ဌာနချုပ် အခြေစိုက်ရာ လိုင်ဇာမြို့မှ မြစ်ကြီးနားသို့သွားရာ ကားလမ်း တလျှောက်ရှိ နမ်ဆန်ယန်နှင့် ခလားယန်ကျေးရွာအကြားတွင် ပိတ်ဆို့ထားကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောသည်။ (NMG 160911) Read More...
- ကရင်အမျိုးသား အစည်းအရုံး KNU အဖွဲ့က ငြိမ်းချမ်းရေး၊ တိုင်းရင်းသား တန်းတူညီခွင့်ရရှိရေးနှင့် ဒီမိုကရေစီရေးများကို ရှေးရှုပြီး စက်တင်ဘာ (၂၁) ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့၌ အစိုးရတပ်များနှင့် တစ်ရက်တာ အပစ် အခတ်ရပ်စဲရန် ကြေညာချက် ထုတ်ပြန်ကမ်းလှမ်းလိုက်သည်။ (RFA 160911) Read More...

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- ရောဂါမျိုးစုံကြောင့် ကျန်းမာရေး ထိခိုက်ပြီး ကောင်းစွာ လမ်းမလျှောက်နိုင်သော ကျောင်းသား ခေါင်းဆောင် ကိုဇော်လင်းထွန်းအား အမြန်ဆုံး လွှတ်ပေးရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP က အစိုးရကို စက်တင်ဘာ ၁၆ ရက်နေ့က တောင်းဆိုလိုက်ကြောင်း AAPP တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်က ပြောသည်။ (Irrawaddy 160911) Read More..., RFA...

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် တိုင်းရင်းသား လူမျိုးစုများနှင့် နှစ်ပေါင်းများစွာ ရင်ဆိုင်နေရသည့် ပြည်တွင်းစစ် အဆုံးသတ်ရေးကို အကောင်အထည်ဖော်ဆောင်ရန် မြန်မာအစိုးရက သန္နိဋ္ဌာန်ချထားသည်ဟု ဥရောပသမဂ္ဂ EU ကော်မရှင်နာမင်းကြီး ခရစ်စ်တယ်လီနာ ဂျော်ဂျီဗာက မြန်မာနိုင်ငံမှ ခရီးစဉ်အပြန် စက်တင်ဘာ ၁၁ ရက်နေ့တွင် ပြောကြားလိုက်သည်။ (VOA 110911) Read More..., RFA...
- မြန်မာအာဏာပိုင်များအနေဖြင့် လူသားချင်း စာနာထောက်ထားသည့် အကူအညီများကို နိုင်ငံတွင်းမှ ဒုက္ခရောက်နေသည့် နေရာများကို ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင် လိုက်လျောဆောင်ရွက်ပေးမည်ဟု ကတိပေးလိုက်သည့်အပေါ် အားတက်မိသည်ဟု ဥရောပသမဂ္ဂ EU ၏ လူသားချင်းစာနာထောက်ထားရေးရာ မဟာမင်းကြီး Ms. Kristalina Georgieva က မြန်မာနိုင်ငံကအပြန် Belgium နိုင်ငံ Brussels မြို့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ (RFA 110911) Read More...

### (ခ) အစိုးရ

- အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Derek Mitchell နှင့်အဖွဲ့သည် စက်တင်ဘာ ၁၁ ရက်နေ့က ရန်ကုန်တိုင်း တောင်ဒဂုံမြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ဦးစီးဖွင့်လှစ်ထားသည့် HIV-AIDS ဂေဟာနှင့် မြောက်ဒဂုံမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) တို့ထံ သွားရောက်တွေ့ဆုံပြီး လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းခဲ့သည်။ (RFA 110911) Read More..., VOA...
- အမေရိကန် အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒညှိနှိုင်းရေးမှူး ဒဲရက်ခ် ဂျေ မစ်ချဲလ်က မြန်မာ့ နိုင်ငံရေးတွင် ပြောင်းလဲတိုးတက်မှုရှိကြောင်း အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ခေါင်းဆောင်များနှင့် စက်တဘ်ာ ၁၂ ရက်နေ့ တွေ့ဆုံစဉ် ပြောဆိုခဲ့သည်ဟု NLD ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 120911) Read More..., DVB...
- ၂၀၀၃ ခုနှစ်မှ စတင်ချမှတ်ခဲ့သည့် Burmese Freedom and Democracy Act အရ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားခြင်းကို အမေရိကန် လွှတ်တော်မှ ထပ်မံသက်တမ်းတနစ် တိုးရန် မဲခွဲဆုံးဖြတ်လိုက်ကာ ဖြစ်လာမည့် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်ရန်လည်း ပြင်ဆင်ထားသည်ဟု အထက်လွှတ်တော်အမတ် အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဂျင်မ်ဝက်ဘ် (Jim Webb) က စက်တင်ဘာ ၁၂ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်သည်။ (VOA 120911) Read More...
- အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Michell သည် စက်တင်ဘာ ၁၂ ရက်နေ့ နိုင်ငံတော်သမ္မတ အကြံပေးအဖွဲ့ရုံးတွင် အကြံပေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ၎င်းတို့၏ အခန်းကဏ္ဍနှင့် လုပ်ငန်းစဉ်အကြောင်း အလေးထား မေးမြန်းခဲ့သည်ဟု နိုင်ငံရေး အကြံပေးအဖွဲ့ဝင် ဒေါက်တာနေဇင်လတ်က ပြောသည်။ (RFA 120911) Read More...
- အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဒဲရက် မစ်ချဲလ်က ၂၀၁၀ ရွေးကောက်ပွဲဝင် ရခိုင်၊ ကရင်၊ မွန်နှင့်ချင်း တိုင်းရင်းသားပါတီများနှင့် စက်တင်ဘာ ၁၃ ရက်နေ့ တွေ့ဆုံမှုတွင် အစိုးရနှင့် တိုင်းရင်းသားများအကြား ဆက်ဆံရေး၊ လွှတ်တော်အတွင်း ၎င်းတို့၏ အခန်းကဏ္ဍနှင့် အမျိုးသားရင်ကြားစေ့ရေးနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ အရေးပါမှု အခန်းကဏ္ဍကို မေးမြန်းခဲ့သည်ဟု ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌ ပူးဇိုဇမ်က ပြောသည်။ (BBC 130911) Read More..., KIC..., IMNN...
- သမ္မတ ဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်အနေဖြင့် နိုင်ငံရေးအကျဉ်းသား နှစ်ထောင်ကျော်ကို ချက်ချင်းလွှတ်ကာ ထင်သာမြင်သာရှိသော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မူဝါဒညှိနှိုင်းရေးမှူး Mr.Derek Mitchell က စက်တင်ဘာ ၁၄ ရက်နေ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (The Voice 140911) Read More..., BBC...
- ထိုင်း ကြည်းတပ် ဦးစီးချုပ် ဗိုလ်ချုပ် Prayut Chan O Cha သည် နေပြည်တော်သို့ စက်တင်ဘာ ၁၄ ရက်နေ့က သွားရောက်ပြီး ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် အပါအဝင် ထိပ်တန်း ဗိုလ်ချုပ်များနှင့်တွေ့ဆုံ ဆွေးနွေးခဲ့စဉ် နှစ်နိုင်ငံ တပ်မတော်များ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ရှိစေရန်နှင့် တပ်မတော်နှစ်ရပ်အကြား ညှိနှိုင်း

ဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း စက်တင်ဘာ ၁၅ ရက်နေ့ထုတ် အစိုးရသတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy 150911) Read More...

- မြန်မာအစိုးရအနေဖြင့် စစ်မှန်သည့် ပြောင်းလဲမှုများ လုပ်ဆောင်နေခြင်း ရှိမရှိဆိုခြင်းကို ရှေ့သီတင်းပတ်အတွင်း နယူးယောက်မြို့တွင် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သီးခြားတွေ့ဆုံသည့်အခါ သုံးသပ်စီစစ်မည်ဟု အမေရိကန် အရာရှိများက ပြောဆိုလိုက်သည်။ (VOA 150911) Read More...
- သြစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ကယ်ဗင် ရပ်ဒ် (Kevin Rudd) က မြန်မာအစိုးရသစ်၏ တိုးတက် ဆွေးနွေးပြောဆိုမှုများ အချို့လုပ်လာခြင်းကို ကြိုဆိုသော်လည်း အမေရိကန်ဘက်မှ ပြောဆိုသကဲ့သို့ပင် သတိထားရမည့် အနေအထားများ ရှိနေပြီး အစိုးရဆန့်ကျင်သူများကို ဖမ်းချုပ်သည့် ခြိမ်းခြောက်မှုမျိုးများ မလုပ်ဘဲ စစ်မှန်သည့် ပြောင်းလဲမှုများ ပြုလုပ်ဆောင်ရန် တောင်းဆိုလိုက်သည်။ (VOA 150911) Read More...
- မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး အခြေအနေများ တိုးတက်လာရေးအတွက် ခိုင်မာသည့် လုပ်ရပ်များ ချမှတ်ဆောက်ရွက်ပြရန် လိုအပ်နေပြီး ပွင့်လင်းစွာ ပြောရလျှင် ကိစ္စအများအပြားတွင် အလေးအနက် မေးခွန်းထုတ်စရာများ၊ စိုးရိမ်ပူပန်စရာများ ရှိနေသေးကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်က တိုက်တွန်း ပြောကြားလိုက်သည်။ (RFA 150911) Read More...
- စက်တင်ဘာ ၁၅ ရက်နေ့ တွေ့ဆုံပွဲတစ်ခုတွင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးက မြန်မာနိုင်ငံတွင် အပြောင်းအလဲများကို မြင်တွေ့နေရသော်လည်း ယင်းအပြောင်းအလဲများ မည်သည့်အတိုင်းအတာအထိ ခိုင်ခိုင်မာမာဖြစ်လာမည့် အခြေအနေကို လေ့လာစောင့်ကြည့်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု တွေ့ဆုံပွဲကို တက်ရောက်ခဲ့သည့် ဒီမိုကရက်တစ်ပါတီ မြန်မာပြည် ဥက္ကဌ ဦးသုဝေက ပြောသည်။ (RFA 150911) Read More...
- မြန်မာနိုင်ငံတွင် အမျိုးသား ရင်ကြားစေ့ရေးအတွက် တိုင်းရင်းသားများအနေဖြင့် တူညီသည့်အသံ တစ်သံတည်း ထွက်ရန်လိုအပ်သည်ဟု အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဒဲရက် မစ်ချယ်လ်က စက်တင်ဘာ ၁၅ ရက်နေ့က ဘန်ကောက်မြို့တွင် ပြောဆိုလိုက်သည်။ (RFA 160911) Read More...
- ဗြိတိန်နိုင်ငံ အတိုက်အခံလေဘာပါတီ နိုင်ငံခြားရေးရာ တာဝန်ခံ Douglas Alexander က မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် စစ်ရာဇဝတ်မှုများ ဖော်ထုတ် စုံစမ်းရန်အတွက် ကုလသမဂ္ဂ ကော်မရှင်တရပ် ဖွဲ့စည်းနိုင်ရန် အခြားဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကို စည်းရုံးပေးရန် ဗြိတိန်အစိုးရကို စက်တင်ဘာ ၁၆ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်တောင်းဆိုလိုက်သည်။ (RFA 170911) Read More...

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာ့နိုင်ငံရေးအခြေအနေကို နိုင်ငံတကာက သိရှိနိုင်ရန်အတွက် Miss Jag Dojkovski ဆိုသူ အမျိုးသမီး တစ်ဦးက အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှတဆင့် ချက်နိုင်ငံ Prague မြို့သို့ တစ်ကိုယ်တော် စက်ဘီးခရီးကို စက်တင်ဘာ ၁၁ ရက်နေ့က စတင်လိုက်ကြောင်းနှင့် မိုင်ပေါင်း ၁၂၀၀ ကျော် ရှည်လျားပြီး သီတင်းပတ် ၄ ပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သူမက ပြောသည်။ (RFA 120911) Read More...
- မြန်မာအစိုးရက စစ်မှန်သည့် အပြောင်းအလဲများကို လက်တွေ့ပြသလိုလျှင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရန်အတွက် လူ ၃၀၀၀ ကျော်ခန့် စုပေါင်းလက်မှတ်ရေးထားသည့် တောင်းဆိုလွှာကို နယူးယောက်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ သမ္မတ ဦးသိန်းစိန်ထံ စက်တင်ဘာ ၁၃ ရက်နေ့က ပေးပို့လိုက်သည်။ (DVB 140911) Read More...
- မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်နေဆဲ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတကာ ကော်မရှင်တရပ် ဖွဲ့စည်းရေးကိစ္စနှင့် ပတ်သက်၍ ပေါ်တူဂီနိုင်ငံအနေဖြင့် ထောက်ခံပေးရန် စက်တင်ဘာ ၁၄ ရက်နေ့က ပေါ်တူဂီနိုင်ငံခြားရေးဌာန အဆင့်မြင့်အရာရှိများနှင့် မြန်မာ့အရေးလှုပ်ရှားသူများတွေ့ဆုံစဉ် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း Burma Campaign UK ၏ ပြောခွင့်ရှိသူ မဇိုရာဖန်းက ပြောသည်။ (RFA 160911) Read More...

***End of report/ Saturday, September 17, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***